ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သမဝါယနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျွန်းစုပြုနယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)

ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

Village Development Plan (VDP)

လင်မလိုငယ်ကျေးရွာ၊ မအိုင်ကျေးရွာအုပ်စု

၂၀၁၆ ခုနှစ်

ကျွန်းစုပြုနယ်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁	ကျွန်းစုမြို့နယ်မြေပုံ	၁
၂	ကျေးရွာအုပ်စုမြေပုံ	၂
၃	ကျေးရွာအုပ်စုတွင် ပါဝင်သောကျေးရွာများစာရင်း	၂
၄	လူထုပူးပေါင်းပါဝင်သော ဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်	၃
၅	ကျေးရွာသမိုင်းကြောင်း	၃
၆	ကျေးရွာသမိုင်းကြောင်းအပေါ် သုံးသပ်ချက်	၄
၇	လူမှုနှင့် အရင်းအမြစ်ပြမြေပုံ	၅
၈	လူမှုနှင့် အရင်းအမြစ်ပြမြေပုံအပေါ် သုံးသပ်ချက်	၅
၉	ရာသီခွင်ပြပြကွဒိန်	၇
၁၀	ရာသီခွင်ပြပြကွဒိန်အပေါ် သုံးသပ်ချက်	၇
၁၁	အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ	၈
၁၂	အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံအပေါ် သုံးသပ်ချက်	၉
၁၃	ပြဿနာသစ်ပင်များ	၉
၁၄	ပြဿနာသစ်ပင်များအပေါ် သုံးသပ်ချက်	၁၀
၁၅	ပင့်ကူအိမ်မြေပုံ	၁၁
၁၆	ပင့်ကူအိမ်မြေပုံအပေါ် သုံးသပ်ချက်	၁၁
၁၇	ထိခိုက်လွယ်အုပ်စုသုံးသပ်ခြင်းဇယား	၁၂
၁၈	ထိခိုက်လွယ်အုပ်စုသုံးသပ်ခြင်းဇယား အပေါ် သုံးသပ်ချက်	၁၃
၁၉	အသက်မွေးဝမ်းကြောင်းပြဇယား	၁၄
၁၉	အသက်မွေးဝမ်းကြောင်းပြဇယားအပေါ် သုံးသပ်ချက်	၁၄
၂၀	မှတ်တမ်းဓါတ်ပုံများ	၁၅
၂၁	ကော်မတီဝင်များစာရင်း	၁၇
၂၂	ကျေးရွာအခြေခံအချက်အလက်များ (ပုံစံ - စ - ၁)	၁၈
၂၃	စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ စ-၂)	၂၁
၂၄	ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေး အစီအစဉ် (ပုံစံ စ-၃)	၂၃
၂၅	ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ စ-၄)	၂၆
၂၆	အစည်းအဝေးတက်ရောက်သူများစာရင်း	၂၇
၂၇	အစည်းအဝေးမှတ်တမ်းများ	၃၅
၂၈	ကဏ္ဍအလိုက် ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများ	၄၀
၂၉	VDP အရည်အသွေးထိန်းချုပ်မှု	၄၁

CamScanner

ကျွန်းစုမြို့နယ်အခြေပြမြေပုံ



ကျေးရွာအုပ်စုမြေပုံ



ကျေးရွာအုပ်စုအတွင်းပါဝင်သော ကျေးရွာများ

၁ - ပထော်ကျေးရွာ

၂ - မစမ်းပါးကျေးရွာ

၃ - ပထက်ကျေးရွာ

၄ - မအိုင်ကျေးရွာ

၅ - လင်မလိုင်ယ်ကျေးရွာ

လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

စဉ်	အသုံးပြုခဲ့သော PRA Tool များ
၁	ကျေးရွာသမိုင်းကြောင်း
၂	လူမှုနှင့်အရင်းအမြစ်ပြမြေပုံ
၃	ရာသီခွင်ပြ ပြက္ခဒိန်
၄	အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ
၅	ပြဿနာသစ်ပင် (၁)
၆	ပြဿနာသစ်ပင် (၂)
၇	ပင့်ကူအိမ်မြေပုံ
၈	ကြွယ်ဝမှုပြဇယား
၉	အသက်မွေးဝမ်းကြောင်းပြမြေပုံ
၁၀	အမျိုးသား/အမျိုးသမီး အလုပ်ချိန်ပြဇယား

ကျေးရွာသမိုင်းကြောင်း



ကျေးရွာသမိုင်းကြောင်းအပေါ် သုံးသပ်ချက်

နေ့စွဲ - ၂၁.၁၂.၂၀၁၅

စတင်ချိန် - နံနက် (၁၀း၁၀)၊

ပြီးဆုံးချိန် - နံနက် (၁၁း၀၀)

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စု၊ လင်မလိုငယ်ကျေးရွာ၏ ကျေးရွာသမိုင်းကြောင်းကို ရာအိမ်မှူး ဦးစိုးဝင်းနေ အိမ်တွင် စတင်ဆွေးနွေးခဲ့ပါသည်။ လင်မလိုကျေးရွာသည် ၁၉၅၅ ခုနှစ်တွင် အိမ်ခြေ (၂၅) အိမ်ဖြင့် စတင်တည်ထောင်ခဲ့ပါသည်။ ၁၉၆၀ ခုနှစ်တွင် ရွာကကိုယ်ထူ/ ကိုယ်ထ စနစ်ဖြင့် ကလေးများပညာ သင်ကြားနိုင်ရန် သစ်သားဘုန်းကြီးကျောင်း ကိုတည်ဆောက်ခဲ့ပါသည်။ ၁၉၆၃ ခုနှစ်တွင် တွဲဖက်မူလတန်းကျောင်းကို ပညာရေးအဆင့်မြင့်မားလာစေရန် ရွာမှ ကိုယ်ထူ/ကိုယ်ထ စနစ်ဖြင့် ဆောက်လုပ်ခဲ့ကြပါသည်။ ၁၉၆၄ ခုနှစ်တွင် တစ်ရွာလုံးကိုယ်ထူ/ကိုယ်ထ စနစ်ဖြင့် ဘုရားစေတီကို ဆောက်လုပ်ခဲ့ပါသည်။ ၁၉၇၄ ခုနှစ်တွင် ကျန်းမာရေး အထောက်အကူဖြစ်စေရန် ရွာသူ/သားများ ကိုယ်ထူ/ကိုယ်ထ စနစ်ဖြင့် ဘောလုံးကွင်းတစ်ခု ပြုလုပ်ခဲ့ပါသည်။ ၁၉၇၆ ခုနှစ်တွင် ကလေးများ ပညာရေးအတွက် အစိုးရက မူလတန်းကျောင်းကို ဆောက်လုပ်ပေးခဲ့ပါသည်။ ၁၉၈၃ ခုနှစ်တွင် Unicef မှ ရပ်ရွာကျန်းမာရေးအတွက် လူထုကျန်းမာရေးလုပ်သားများ ခေါ်ယူခဲ့ပါသည်။ ၁၉၈၆ ခုနှစ်တွင် ပဂ္ဂလိကအလှူရှင် ဦးထွန်းလွင်+ဒေါ်ပြည့်တင်တို့မှ သိမ်ကျောင်းတစ်ဆောင် ကိုဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ၁၉၉၂ ခုနှစ်တွင် ကျေးရွာ ကိုယ်ထူ/ကိုယ်ထစနစ်ဖြင့် သွားလာရေးအဆင်ပြေလာစေရန် ရေဆင်းတံတားကို ဆောက်လုပ်ခဲ့ပါသည်။ ၁၉၉၄ ခုနှစ်တွင် ရွာသူ/ရွာသားများ စုပေါင်း၍ နှစ်ထပ်ဘုန်းကြီးကျောင်း ကိုဆောက်လုပ်ခဲ့ပါသည်။ ၂၀၀၆ ခုနှစ်တွင် ကျောင်းသူ/သားများအတွက် စသင်ကျောင်းဆောက်လုပ်ရန် (Unicef ကသွပ်မိုးပေးခြင်း၊ ပညာရေးဌာနက ငွေးကြေး ၁၂ သိန်းပေးခြင်း၊ ထွေအုပ်ငွေကြေး ၈သိန်းပေးခြင်း၊ ကျန်တာကို ရွာသူ/သားများက လှူဒါန်းခြင်း) ပြီး စာသင်ကျောင်းကို ဆောက်လုပ်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် ရွာကကိုယ်ထူ/ကိုယ်ထစနစ်ဖြင့် တစ်ရွာလုံး စေတနာဖြင့် စုပေါင်းလမ်းခင်းခဲ့ပါသည်။ ၂၀၁၀ ခုနှစ်တွင် ၄က်ဖျားတိုက်ဖျက်ရေးက ရွာကို ၄က်ဖျားတိုက်ဖျက်ရေးဆေးများနှင့် ခြင်ထောင်များ လာရောက်ပေးခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် ရွာသူ/သားများ စုပေါင်း၍ ဓမ္မရုံကို တည်ဆောက်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက စာကြည့်တိုက်တစ်ဆောင်ကို ရွာသူ/သားများ ဗဟုသုတရအောင် ဆောက်လုပ ပေးခဲ့ပါသည်။ နောက်ထပ် ၂၀၁၂ ခနှစ်တွင်လည်း နယ်စပ်ဒေသဝန်ကြီးဌာနက ရွာအတွက် သောက်ရေသန့် ရေတွင်းတစ်တွင်းကို ဆောက်လုပ်ပေးခဲ့ပါသည်။ ၂၀၁၄-၁၄ ခုနှစ်တွင် လူထုဗဟိုပြုစီမံကိန်း ရံပုံငွေဖြင့် ရွာသူ/သားများ သွားလာရေးအဆင်ပြေလာစေရန် ရေဆင်းတံတားကို ဆောက်လုပ်ပေးခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် ကျေးရွာ ကိုယ်ထူ/ကိုယ်ထ စနစ်ဖြင့် တစ်ရွာလုံးနာရေးအတွက် အဆင်ပြေလာစေရန် သုသန်ဇရုပ်ကို တည်ဆောက်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် လူထုဗဟိုပြုစီမံကိန်းရံပုံငွေဖြင့် ကလေးပညာစာသင်ကြားနိုင်စေရန် မူကြိုကျောင်း တစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် လူထုဗဟိုပြုစီမံကိန်းရံပုံငွေဖြင့် ယခုအချိန်တွင် စာသင်ကျောင်း ၆၀x၃၀ ပတ်လည် ဆောက်လုပ်နေခဲ့ပါသည်။

CamScanner

အနှစ်ချုပ်

လင်မလိုငယ်ကျေးရွာ၏ ကျေးရွာသူ/သားများသည် ကျေးရွာဖွံ့ဖြိုးရေးကို ကိုယ်ထူ/ကိုယ်ထ စနစ်ဖြင့်လည်းကောင်း အစိုးရဌာနများမှ ထောက်ပံ့ပေးမှုများကိုလည်း ရွာသူ/သားများ စည်းစည်းလုံးလုံးဖြင့် လုပ်ဆောင်ခဲ့ပါသည်။ အဖွဲ့အစည်းများ၏ ထောက်ပံ့မှုကြောင့်လည်း ကျေးရွာဖွံ့ဖြိုးရေး ပိုမိုတိုးတက်လာခဲ့ပါသည်။

ဦးဆောင်ဆွေးနွေးသူ - ရပ်မိ/ရပ်ဖ

ပါဝင်ဆွေးနွေးသူ - ကျေးရွာသူ/သား (၇) ဦး။

လူမှုနှင့်အရင်းအမြစ်ပြမြေပုံ



လူမှုရေးပြမြေပုံအပေါ် သုံးသပ်ချက်

နေ့စွဲ - ၂၁.၁၂.၂၀၁၅

စတင်ချိန် - ညနေ (၂:၃၀)၊

ပြီးဆုံးချိန် - ညနေ (၄:၀၀)၊

တနင်္သာရီတိုင်းဒေသကြီး၊ ကွန်းစုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စု၊ လင်မလိုငယ်ကျေးရွာ၏ လူမှုနှင့် အရင်းမြစ်ပြမြေပုံအပေါ် သုံးသပ်ချက်များအရ ၁၉၅၅ ခုနှစ်တွင် အိမ်ခြေ (၂၅) အိမ်ဖြင့် တည်ထောင်ခဲ့ပါသည်။ ယခုလက်ရှိအချိန်တွင် အိမ်ခြေ (၁၄၇) နှင့် အိမ်ထောင်စု (၁၈၅) ခန့်ရှိလာပြီး တစ်ရွာလုံး၏ အမျိုးသားဦးရေမှာ (၄၇၀)၊ အမျိုးသမီ

းဦးရေမှာ (၄၃၄) ဦးဖြင့် စုစုပေါင်း လူဦးရေမှာ (၉၀၄) ဦး မိုတင်းနေထိုင်ကြပါသည်။ လင်မလိုငယ်ကျေးရွာသည် မအိုင်၊ မစမ်းပါးကျေးရွာတို့နှင့် ထိစပ်လျက်ရှိပါသည်။ လင်မလိုငယ်ရွာသည် ရေများဝန်းရံထားသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာရှိ ကျေးရွာသူ/သားများသည် ရေလုပ်ငန်းနှင့် ကျပန်းအလုပ်ကို လုပ်ကိုင်ကြပြီး အနည်းစုမှာ ဥယျာဉ်နှင့် အရောင်းဝယ်ကို လုပ်ကိုင်ကြပါသည်။ ဗမာလူမျိုးများ နေထိုင်ကြပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။ ကျေးရွာရှိ လမ်းများမှာ မြေသားလမ်းနှင့် ကွန်ကရစ်လမ်းများ ဖြစ်ကြပါသည်။ ကျေးရွာတွင် ဘုန်းကြီးကျောင်း (၁) ကျောင်းရှိပြီး စာသင်ကျောင်းမှာ အရင်ကျောင်းဟောင်းနှင့် လူထုဗဟိုပြုစီမံကိန်း ရံပုံငွေဖြင့် ဆောက်လုပ်ထားသော မူကြိုကျောင်း (၁) ကျောင်းလည်းရှိပါသည်။ ဘုန်းကြီးကျောင်း၏ ဘေးပတ်လည်တွင် ဓမ္မာရုံ၊ သိမ်၊ စေတီပုထိုးများ ရှိပါသည်။ စာစသင်ကျောင်း၏ နံဘေးတွင်လည်း ဆရာ/မ အဆောင် ရွာသူ/သားများ သောက်သုံးရေအဆင်ပြေစေရန် သောက်သုံးရေတွင်း(၁) တွင်းရှိပါသည်။ ရပ်ရေး/ရွာရေးများအတွက် အစည်းအဝေးများကိုလည်း ကျေးရွာရှိ ဓမ္မာရုံတွင် ကျင်းပကြပါသည်။ လင်မလိုငယ်ကျေးရွာတွင် စာကြည့်တိုက်(၁) ဆောင်လည်း ရှိပါသည်။ ပွင့်လင်းမြင်သာမှု ရှိရန်အတွက်လည်း ကြီးမားသော ကြော်ငြာသင်ပုန်း ကြီးလည်းရှိပါသည်။ ရွာသူ/သားများ သွားလာမှု အဆင်ပြေစေရန် အတွက်လည်း လူထုဗဟိုပြုစီမံကိန်း ရံပုံငွေဖြင့် ရေဆင်းတံတားကိုလည်း တည်ဆောက်ထားပါသည်။

ပညာရေး

လင်မလိုငယ်ကျေးရွာ၏ စာသင်ကျောင်းမှာ မူလွန်ကျောင်းတို့ဖြစ်သည်။ ကျေးရွာ၏ အထက်တန်းပညာရေးကို မြိတ်မြို့တွင် တက်ရောက်သင်ကြား ခဲ့ကြပါသည်။

သောက်သုံးရေ

လင်မလိုငယ်ကျေးရွာတွင် ရေတွင်းများရှိသော်လည်း ရာသီအလိုက်ရေ ကောင်းမွန်စွာ မရရှိခဲ့ပေ။ ရေငန်ဝင်သောရေများ၊ မသန့်ရှင်းသောရေများသာ ရှိပါသည်။ ရေကိုလုံလောက်စွာ မသုံးစွဲရပေ။

ကျန်းမာရေး

လင်မလိုငယ်ကျေးရွာတွင် ဆေးပေးခန်းကို အခုလက်ရှိဆောက်နေဆဲဖြစ်ပြီး ဆရာမ မရှိသောကြောင့် ရွာသူ/သားများ ကျန်းမာရေးအတွက် အခက်အခဲကြုံရပါသည်။

အနှစ်ချုပ်

လင်မလိုငယ်ကျေးရွာတွင် ရေကောင်းရေသန့် ရရှိရန်ခက်ခဲလှပါသည်။ ပညာရေး အသင့်အတင့် ကောင်းမွန်ပြီး ရွာလမ်းများမှာလည်း ဆိုးဆိုးရွားရွား ပျက်စီးနေခြင်း မရှိပါ။ ကျန်းမာရေးအတွက်သာ အခက်အခဲနှင့် ကြုံတွေ့နေရပါသည်။

ဦးဆောင်ဆွေးနွေးသူ - ရပ်မိ/ရပ်ဖ ၊ ဦးထွန်းခင်၊

ပါဝင်ဆွေးနွေးသူ - ကျေးရွာသူ/သား (၉) ဦး။

CamScanner

ရာသီခွင်ပြ ပြကွဒိန်

ရာသီခွင်ပြ ပြကွဒိန်အပေါ် သုံးသပ်ချက်

နေ့စွဲ - ၂၁.၁၂.၂၀၁၅

စတင်ချိန် - နံနက် (၁၀း၁၅)၊

ပြီးဆုံးချိန် - နံနက် (၁၀း၄၅)၊

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စု၊ လင်မလိုငယ်ကျေးရွာ၏ ရာသီခွင်ပြ ပြကွဒိန်ဇယားကို ဓမ္မရုံတွင် ဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးပွဲတွင် ကျေးရွာရှိ ရာသီဥတုအခြေအနေ၊ ရေလုပင်န်း၊ ဥယျာဉ်၊ ကျန်းမာရေး၊ ဝင်ငွေ၊ ထွက်ငွေ၊ ပွဲလမ်းသဘင် များအပေါ် အဓိကထားဆွေးနွေးခဲ့ပါသည်။ လင်မလိုကျေးရွာတွင် ကဆုန်လမှ ဝါခေါင်လအထိ မိုးရွာသွန်းပြီး၊ တော်သလင်းလတွင် ရာသီဥတု သာယာ ပါသည်။ သီးတင်းကျွတ်လမှ တန်ဆောင်မုန်းလအထိ မိုးအနည်းငယ်ရွာပြီး နတ်တော်လမှ တန်ခူးလအထိ ရာသီသတု သာယာမှုရှိပါသည်။ လင်မလိုကျေးရွာ၏ အလုပ်အကိုင်များမှာ ရေလုပ်ငန်း၊ ဥယျာဉ်များရှိပြီး ရေလုပ်ငန်းကို တစ်နှစ်ပတ်လုံး လုပ်ကိုင်ကြပါသည်။ တန်ခူးလ၊ နယုန်လနှင့် သီးတင်းကျွတ်လမှ တပေါင်း လအထိ ဥယျာဉ်များကို အနည်းငယ်လုပ်ကိုင်ကြပါသည်။ လင်မလိုငယ်ကျေးရွာတွင် မြန်မာလများအလိုက် ပွဲတော်များရှိပြီး၊ ကျန်းမာရေး

အခြေအနေတွင်လည်း ရာသီအလိုက်ရောဂါများ ဖြစ်ကြပါသည်။ တစ်နှစ်လုံး အတိုင်းအတာအရ လက်လုပ်လက်စားများ အနေဖြင့် ဝင်ငွေ/ထွက်ငွေ မျှတလေ့မရှိပေ။ လူထုဗဟိုပြုစီမံကိန်းမှ (၂၀၁၃) ခုနှစ် စီမံကိန်းစက်ဝန်းတွင် ကျေးရွာလူထု ကိုယ်တိုင် စီမံကိန်းရံပုံငွေဖြင့် အကောင်အထည် ဖော်ဆောင်ရွက်သော ရေဆင်းတံတားပြီးသည် နောက်ပိုင်းတွင် ကျေးရွာအတွက် မူကြိုကျောင်းအခက်အခဲကို ဖြေရှင်းနိုင်ခဲ့ပါသည်။

အနှစ်ချုပ်

အလုပ်အကိုင်ရှားပါးခြင်းကြောင့် စီးပွားရေးအဆင်မပြေခြင်း၊ စားဝတ်နေရေးခက်ခဲခြင်း၊ ဆင်းရဲသား များပေါများခြင်း၊ ကျပန်းအလုပ်သမားများ ပေါများခြင်းတို့ ဖြစ်ပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးဝေမိုး၊

ပါဝင်ဆွေးနွေးသူ - ကျေးရွာသူ/သား (၈) ဦး။

အဖွဲ့အစည်းရိုက်ဆက်ပြခြင်း



အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံအပေါ် သုံးသပ်ချက်

နေ့စွဲ -၂၁.၁၂.၂၀၁၅

စတင်ချိန် -ညနေ (၂း၃၀)၊

ပြီးဆုံးချိန် -ညနေ (၃း၀၀)၊

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စု၊ လင်မလိုငယ်ကျေးရွာတွင် ရှိသော အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီ၊ ငှက်ဖျား တိုက်ဖျက်ရေးအဖွဲ့၊ အရံသားဖွား၊ ရပ်မိ/ရပ်ဖ၊ မိဘဆရာအသင်း၊ ဘာသာရေးအကျိုးတော်ဆောင်အဖွဲ့၊ ကာလသား၊ ကာလသမီး၊ အိမ်ထောင်ငယ်အဖွဲ့၊ မိန်းမကြီးအဖွဲ့၊ နာရေးကူညီမှုအသင်း၊ မီးသတ်အဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊မိခင်နှင့်ကလေး စောင့်ရှောက်ရေး၊ နိုင်ငံရေးပါတီများလည်းရှိပါသည်။ ကျေးရွာသို့ တိုက်ရိုက်ထောက်ပံ့သော အဖွဲ့အစည်းများမှာ အစိုးရဌာနများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ လူထုဗဟိုပြု စီမံကိန်း (ကမ္ဘာ့ဘဏ်) အဖွဲ့တို့ဖြစ်ပါသည်။ လင်မလိုငယ်ကျေးရွာရှိအဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ဆောင်နေကြပါသည်။

ဦးဆောင်ဆွေးနွေးသူ - ရပ်မိရပ်ဖ

ပါဝင်ဆွေးနွေး - ကျေးရွာသူ/သား (၉)ဦး

ပြဿနာသစ်ပင်များ





CamScanner

ပြဿနာသစ်ပင်များအပေါ် သုံးသပ်ချက်

နေ့စွဲ - ၂၁.၁၂.၂၀၁၅

စတင်ချိန် - နေ့လည် (၂:၄၅)

ပြီးဆုံးချိန် - ညနေ (၃:၂၅)

တနင်္ဂါရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မအိုင်ကျေးရွာအုပ်စု လင်မလိုင်ယံကျေးရွာ၏ အခက်အခဲများကို ဖော်ထုတ်သိရှိနိုင်ရန် နှင့် ရည်မှန်းချက်များကို ဖော်ထုတ်နိုင်ရန် ပြဿနာသစ်ပင် (၂) ပင်ကို အသုံးပြုခဲ့ပါသည်။ ပြဿနာသစ်ပင် (၂) ပင်ကို ပထမအကြိမ်အစည်းအဝေး ကျင်းပသော အချိန်တွင် အမျိုးသားအဖွဲ့နှင့် အမျိုးသမီး အဖွဲ့ခွဲ၍ သီးသန့်ဆွေးနွေးခဲ့ပါသည်။ ပြဿနာသစ်ပင် (၁)ပင်တွင် စာသင်ခန်းလုံလောက်မှုမရှိခြင်း၏ အဓိက ပြဿနာမှာ အရင်းအနှီးထုတ်ရန် ငွေမရှိခြင်း၊ စီးပွားရေးခက်ခဲခြင်း၊ ပညာသင်စရိတ်များခြင်း၊ ကျန်းမာရေး ချို့တဲ့ခြင်း တို့ကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များမှာ အသိပညာဗဟုသုတနည်းပါးခြင်း၊ ပညာတတ်နည်းလာခြင်း၊ သန့်ရှင်းသန့်ရပ်မှုမရှိခြင်း၊ ပညာရေးအဆင့်နိမ့်ကျခြင်း၊ စီးပွားရေးလုပ်ကိုင်တတ်မှု နည်းပါးခြင်း၊ ရပ်ရေး/ရွာရေး ဖွံ့ဖြိုးရေး နောင့်နှေးခြင်း၊ လူနေမှု အဆင့်အတန်းနိမ့်ကျခြင်း၊ အခြားနေရာများတွင် ပညာသင်ကြားရခက်ခဲခြင်း စသည့် အဆင်မပြေမှုများ နှင့် ကြုံတွေ့ရခြင်းများ ဖြစ်ပါသည်။ နောက်ထပ်ပြဿနာသစ်ပင် (၁)ပင်တွင် ရေရှားပါးခြင်း၏ အဓိကပြဿနာမှာ ရေထွက်ပင်ရင်းမရှိခြင်း၊ မြေနေရာမရှိခြင်း၊ စီးပွားရေးအဆင်မပြေခြင်း၊ အရင်းအနှီးငွေမရှိခြင်း တို့ကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များမှာ စီးပွားရေးထိခိုက်လာခြင်း၊ ဝမ်းပျက်/ဝမ်းလျှောဖြစ်ခြင်း၊ ပညာတတ်နည်းပါးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု နည်းပါးခြင်း၊ လူမှုရေးအားနည်းခြင်း၊ ဝင်ငွေနည်းလာခြင်း၊ စားဝတ်နေရေးခက်ခဲလာခြင်း စသည့်အခက်အခဲများ နှင့်ကြုံတွေ့ရပါသည်။ ဆွေးနွေးစဉ်တွင် စာသင်ခန်းမလုံလောက်ခြင်းနှင့် ရေရှားပါးခြင်းအခက်အခဲကြောင့် စာသင်ခန်းအတွက် ကျောင်းဆောက်လုပ်ခြင်းကို အဓိကထား တောင်းဆိုခဲ့ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျေးရွာသူ/သားများ အလိုရှိသော လုပ်ငန်းများမှာ စာသင်ကျောင်း ဆောက်လုပ်ခြင်း၊ ရေရှိရေး၊ ချေးငွေလုပ်ငန်း၊ ဆိုလာမီး၊ ရွာပတ်လမ်းများ ကိုအဓိကထား တောင်းဆိုခဲ့ကြပါသည်။

အနှစ်ချုပ်

ပြဿနာသစ်ပင် (၂)ပင်နှင့် ဆွေးနွေးမှုများကို လေ့လာခြင်းအားဖြင့် ရွာသူ/သားများသည် ခလေးများအတွက် စာသင်ကျောင်းမရှိသဖြင့် ခက်ခဲနေခြင်း။ အတိုးနှုန်းသက်သာသည့် ချေးငွေလုပ်ငန်းများအပေါ် မူတည်၍ ကိုယ်ပိုင် တစ်ပိုင်တစ်နိုင် လုပ်ငန်းများ လုပ်ဆောင်လိုခြင်းကို တွေ့ရှိရပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးထွန်းခင်၊ ဒေါ်နှင်းဆီ

ပါဝင်ဆွေးနွေးသူ - ကျေးရွာသူ/သား (၉) ဦး။

CamScanner

ပင့်ကူအိမ်မြေပုံ



ပင့်ကူအိမ်မြေပုံအပေါ် သုံးသပ်ချက်

နေ့စွဲ - ၂၂.၁၂.၂၀၁၅

စတင်ချိန် - နံနက် (၁၀း၀၀)

ပြီးဆုံးချိန် - နံနက် (၁၀း၄၅)

တနသ်ာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၊ မအိုင်အုပ်စု လင်မလိုငယ်ကျေးရွာ ပထမအကြိမ် အစည်းဝေးအပြီး ကျေးရွာဓမ္မာရုံတွင် ပင့်ကူအိမ်မြေပုံကို စတင်အသုံးပြုခဲ့သည်။ ရည်ရွယ်ချက်မှာ ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးတို့၏ အခန်းကဏ္ဍများကို နှိုင်းယှဉ်လေ့လာနိုင်ရန်ဖြစ်သည်။ ထို့သို့လေ့လာနိုင်ရန် အမျိုးသားနှင့် အမျိုးသမီးသီးသန့် အဖွဲ့ခွဲ၍ အမျိုးသမီးအဖွဲ့မှ ဆွေးနွေးရန် အချက်များကို ဖော်ထုတ်စေရာ အချက်(၈) ချက်ထွက်ပေါ်လာသည်။ ထိုအချက် (၈) ချက်မှာ အလုပ်အကိုင်အခွင့်အလမ်း၊ လုံခြုံမှု၊ အရင်းအမြစ်အပေါ် လက်လှမ်းမှီသုံးစွဲနိုင်မှု၊ ပညာရေးဦးစားပေးမှု၊ အိမ်မှုကိစ္စလုပ်ဆောင်မှု၊ ရပ်ရေးရွာရေးတွင် ပူပေါင်းဆောင်ရွက်မှု၊ ဆုံးဖြတ်ချက်ချနိုင်မှု၊ ဝင်ငွေရှာဖွေနိုင်မှုတို့ဖြစ်ပါသည်။ ထိုအချက်များကို အမျိုးသား၊ အမျိုးသမီး သီးသန့်ခွဲ၍ ဆွေးနွေးချက်များကို ခြုံငုံသုံးသပ်ရလျှင် အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများက ပို၍ရရှိကြောင်း၊ လုံခြုံမှုတွင်လည်း အမျိုးသားများ

CamScanner

သာနေကြောင်း၊ အရင်းအပေါ်လက်လှမ်းမှီသုံးစွဲနိုင်မှုတွင်လည်း အမျိုးသားများကပိုနေကြောင်း၊ ပညာရေး ဦးစားပေးမှုတွင် အမျိုးသမီးများသာအများဆုံးဖြစ်ကြောင်း၊ အိမ်မှုလုပ်ငန်းအပေါ်ဆောင်ရွက်နိုင်မှုတွင် အမျိုးသမီး များသာ အများဆုံးလုပ်ကိုင်ရကြောင်း၊ ရပ်ရေးရွာရေး ဆောင်ရွက်မှုတွင် တန်းတူဖြစ်ကြောင်း၊ ဆုံးဖြတ်ချက်ချမှုတွင် အမျိုးသားများကပိုနေကြောင်း၊ ဝင်ငွေရှာဖွေနိုင်မှုတွင် အမျိုးသားများသာလုပ်ကိုင်ရှာဖွေရကြောင်း စသဖြင့် တွေ့ရှိရပါသည်။

အမျိုးသမီးထု၏သဘောဆန္ဒမှာ အမျိုးသားများနှင့်တန်းတူလုပ်ဆောင်ခွင့်၊ အခွင့်အလမ်းများ၊ ပူးပေါင်း ပါဝင်မှုများ၊ ဆုံးဖြတ်ချက်ချနိုင်မှုတို့တွင်လည်း ပါဝင်ခွင့်ရလျှင် ပို၍ကောင်းမွန်မည်ဖြစ်ကြောင်း ဆွေးနွေးပွဲများတွင် ပြောကြားခဲ့ပါသည်။

လင်မလိုငယ်ကျေးရွာ၏ ပင့်ကူအိမ်ပြမြေပုံအပေါ် ခြုံငုံသုံးသပ်ရလျှင် အမျိုးသားများသည် အမျိုးသမီးများထက် အခွင့်အလမ်းပိုရရှိနေကြောင်း၊ အမျိုးသမီးများကိုနေရာတိုင်းတွင် အခွင့်အလမ်းများဖော်ဆောင်ပေးရန်လိုအပ်ကြောင်း စသည်ဖြင့်သုံးသပ်ရပါသည်။

ဦးဆောင်ဆွေးနွေးသူ -ဦးဝေမိုး၊ ဒေါ်နှင်းဆီ
ပါဝင်ဆွေးနွေးသူ -ကျေးရွာသူ/သား အမျိုးသား(၆)ဦး အမျိုးသမီး(၅)ဦး

ထီခိုက်လွယ်အုပ်စုကို သုံးသပ်ခြင်း ဇယား



ထိခိုက်လွယ်အုပ်စုကို သုံးသပ်ခြင်းဇယား အပေါ် သုံးသပ်ချက်

နေ့စွဲ - ၂၂.၁၂.၂၀၁၅

စတင်ချိန် - နံနက်၁၀း၂၀

ပြီးဆုံးချိန် - နေ့လည် ၁၁း၀၅

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မအိုင်ကျေးရွာအုပ်စု လင်မလိုငယ်ကျေးရွာ၏ ထိခိုက်လွယ်အုပ်စုကို သုံးသပ်ရာတွင် အဆင့်(၃)ဆင့် ရှိပါသည်။ (၁) ချမ်းသာသောအုပ်စု (၂) ပြေလည်သောအုပ်စု (၃) မပြေလည်သော အုပ်စုဟူ၍ အဆင့် (၃) ဆင့် ရှိပါသည်။ (၁) ချမ်းသာသောအုပ်စုမှာ (၅%) ရှိပြီး ထိုချမ်းသာသော အုပ်စုသည် အိမ်ပိုင်၊ လှေပိုင်၊ စက်ပိုင်၊ ဆိုင်ကယ်ပိုင်၊ ကားပိုင်၊ ရေလုပ်ငန်း၊ အရောင်းအဝယ်၊ ဈေးဆိုင်များ လုပ်ကိုင်ကြပါသည်။ (၂) ပြေလည်သောအုပ်စုမှာ (၃၀%) ရှိပြီး ထိုပြေလည်သောအုပ်စုသည် အိမ်ပိုင်၊ လှေပိုင်၊ ပိုက်လှေငယ်များ ပိုင်ဆိုင်ပြီး ထိုသူတို့သည် ရေလုပ်ငန်း၊ ဈေးဆိုင်းငယ်များ၊ အရောင်းအဝယ်လုပ်ကိုင်ကြပါသည်။ (၃) မပြေလည်သောအုပ်စုမှာ (၆၅%) ရှိပြီး ထိုမပြေလည်သောအုပ်စုသည် အလုပ်သမားများ၊ ကျပန်းများသာ ရှိပြီး ထိုသူတို့သည် နေ့ခစား လုပ်သမားများ ဖြစ်သည်။ ထိုသူတို့သည် အကြွေးသံသရာလည်နေရခြင်း၊ ကျောင်းနေရွယ် ခလေးငယ်များအတွက် စရိတ်စက ကြီးခြင်းတို့ကြောင့်ဖြစ်သည်။ ထိုအုပ်စုသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များလုပ်ဆောင်ရာတွင် ပါဝင်ကူညီမှု အနည်းဆုံးသော အုပ်စုဖြစ်သည်။

ဦးဆောင်ဆွေးနွေးသူ - ဦးထွန်းခင်၊

ပါဝင်ဆွေးနွေးသူ - ကျေးရွာသူ/သား (၈) ဦး။

CamScanner

အသက်မွေးဝမ်းကြောင်းပြဇယား



အသက်မွေးဝမ်းကြောင်းပြဇယားအပေါ် သုံးသပ်ချက်

နေ့စွဲ -၂၂.၁၂.၂၀၁၅
စတင်ချိန် -နံနက် (၁၀း၀၀)
ပြီးဆုံးချိန် -နံနက် (၁၀း၁၀)

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စု၊ လင်မလိုငယ်ကျေးရွာ၏ အသက်မွေးဝမ်းကြောင်းပြဇယား အပေါ် သုံးသပ်ချက်များမှာ ရေလုပ်ငန်း ၆၀%၊ ဥယျာဉ် ၁%၊ အရောင်းအဝယ် ၉%၊ ကျပန်း ၃၀% ရှိပါသည်။ လူအများစုမှာ ရေလုပ်ငန်း များစွာရှိပြီး၊ ကျပန်းအလုပ်ကိုလည်း အနည်းငယ်လုပ်ကိုင်ကြပါသည်။

ဦးဆောင်ဆွေးနွေးသူ - ရာအိမ်မှူးနှင့် ရပ်မိ/ရပ်ဖများ၊
ပါဝင်ဆွေးနွေးသူ - ကျေးရွာသူ/သား (၉) ဦး။

CamScanner

မှတ်တမ်းဓါတ်ပုံများ

ပထမအကြိမ်ရွာလုံးကျွတ် အစည်းအဝေး

PRA Tools အသုံးပြု၍ ကျေးရွာအဆက်အခဲဖော်ထုတ်ခြင်း

CamScanner



ကျေးရွာမြေပုံကို မြေပြင်တွင် ပုံဖော်ခြင်း

PRA Tools အသုံးပြု၍ ကျေးရွာအခက်အခဲဖော်ထုတ်ခြင်း

CamScanner

ကော်မတီဝင်များစာရင်း

စဉ်	အမည်	ကျား၊ မ	ရာထူး
၁	ဦးကြည်ဝင်း	ကျား	ကျေးရွာ စီ/ထောက် ဥက္ကဋ္ဌ
၂	ဒေါ်သန်းဌေး	မ	ကျေးရွာ စီ/ထောက် ဥက္ကဋ္ဌ
၃	ဒေါ်သန်းနု	မ	စောင့်ကြည့်၊ ကြီးကြပ်ရေး ဆပ်ကော်မတီ
၄	ဦးအောင်မျိုးတစ်	ကျား	စောင့်ကြည့်၊ ကြီးကြပ်ရေး ဆပ်ကော်မတီ
၅	ဒေါ်ဝင်းဝင်းသူ	မ	စောင့်ကြည့်၊ ကြီးကြပ်ရေး ဆပ်ကော်မတီ
၆	ဒေါ်ခင်မျိုးနိုင်	မ	ဝယ်ယူရေး ဆပ်ကော်မတီ
၇	ဒေါ်ဝေဝေမော်	မ	ဝယ်ယူရေး ဆပ်ကော်မတီ
၈	ဦးမြတ်စိုး	ကျား	ဝယ်ယူရေး ဆပ်ကော်မတီ
၉	ဒေါ်ဇာခြည်နှင်း	မ	လည်ပတ်ရေးနှင့် ပြင်/ထိန်း ဆပ်ကော်မတီ
၁၀	ဒေါ်စန်းစန်းမျိုး	မ	လည်ပတ်ရေးနှင့် ပြင်/ထိန်း ဆပ်ကော်မတီ
၁၁	ဦးနိုင်ဇော်	ကျား	လည်ပတ်ရေးနှင့် ပြင်/ထိန်း ဆပ်ကော်မတီ
၁၂	ဦးကျင်ဇော်ဦး	ကျား	စေတနာ့ဝန်ထမ်း
၁၃	ဒေါ်နှင်းဆီ	မ	စေတနာ့ဝန်ထမ်း
၁၄	ဦးနိုင်ဦး	ကျား	အကြံပြုတိုင်ကြားဖြေရှင်းရေး
၁၅	ဒေါ်ကေဇင်	မ	အကြံပြုတိုင်ကြားဖြေရှင်းရေး
၁၆	ဒေါ်မြင့်ပို	မ	ကျေးရွာ စာရင်းကိုင်

CamScanner

ကျေးရွာ အခြေခံ အချက်အလက်များ (ပုံစံ - စ - ၁)



CamScanner



စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ - စ - ၂)







ကျေးရွာအုပ်စု စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း (ပုံစံ - စ -၄)

အစည်းအဝေး တက်ရောက်သူများစာရင်း (ပုံစံ - စ - ၁၂)

ပထမအကြိမ် အစည်းအဝေး







ပုံစံ - ၁၀၂ - အထည်းသေဝေဖန်ရေးတိုက်ရိုက်သုံးသပ်ချက် (FORM FC 12)

ဤပုံစံသည် ပြင်ဆင်ခြင်းအသေးစားလုပ်ငန်းတွင် အသုံးပြုရန်၊ ပျဉ်ထူညီညာစွာလုပ်ဆောင်ထားခြင်းရှိ/မရှိ ကိုယ်စားလှယ်များနှင့် အထည်းသေဝေဖန်ရေးတိုက်ရိုက်သုံးသပ်ချက်ကို ပြုလုပ်သည့်အခါ ဖြည့်သွင်းရန်

ညီညာမှုလုပ်ငန်းအမျိုးအမည် - ခြင်္သေ့ကြီးမြို့ - ပျဉ်ခင်းခြင်း

ရက်စွဲ - ၁၃ - ၆ - ၂၀၂၄	စိမ်ကိန်းတက်ခန်း - ကုတင်ပြည့်(√) □တက်ခန်း(၁) □တက်ခန်း(၂) □ပါတိုက်ခန်း(၃) □တက်ခန်း(၄)

ပြည်နယ်/ တိုင်းဒေသကြီး တနင်္သာရီတိုင်းဒေသကြီး	မြို့နယ် တွံတေး	ကျေးရွာအုပ်စု - မဒန်ပိုင်	ကျေးရွာ - ပဒုမတိုင်

အထည်းသေဝေဖန်စစ်ဆေးသူ - ကျော်ဇော်ထွန်း ရာထူး - ဌာနမှူး

စဉ်	အမည်	ကျား (√)	မ (√)	အိမ်ထောင် စုတိုင်းတား ကွယ်(√)[၁]	လုပ်ငန်း	လက်မှတ်
၁။	ခင်ဝေဆေဝေ မြို့		✓	✓	ဖုန်းဆော	ဖေဆေ
၂။	ဝင်ငွေ ချမ်း		✓	✓	〃	ငွေ
၃။	ဒေါ်နု ကြာညွန့်		✓	✓	〃	နု
၄။	ခ ဝေတီ		✓	✓	〃	ခိုးဝေတီ ဆဲဝေ
၅။	သော်ဇင်ဟူးဝေ		✓	✓	〃	သဇင်ဝေ
၆။	မေစာခြည်နွယ်ဦး		✓	✓	〃	စာခြည်ဖြိုး
၇။	အဝင်းလှိုင်ဇော		✓	✓	〃	ဝင်း
၈။	ဖနောနီ		✓	✓	〃	ဖနောနီ
၉။	ဖေသန်ခန့်ဟိုင်		✓	✓	〃	ဖေ
၁၀။	မင်းဇေသူ		✓	✓	〃	မင်း
၁၁။	ထီဟုတ်ဦ		✓	✓	〃	ပုံထီဦ
၁၂။	မခေဆဲဦ		✓	✓	〃	ခေဆဲဦး
၁၃	မအိုးဝေ		✓	✓	〃	မိုးဝေ
၁၄။	ခင်ဖြူဖြူ		✓	✓	〃	ဖြူဖြူ
၁၅။	ဟန်ဇာတ		✓	✓	〃	ဇာတ်
၁၆။	မခေဆေးဖြူဝင်းသူ		✓	✓	〃	ဖြူ
၁၇။	ဖေဝိဏ္ဏာကြည်သူ		✓	✓	〃	ကြည်
၁၈။	ခေါ်ထွေးဝေဒင်		✓	✓	〃	ဝေဒင်
၁၉။	ထီသိမ်းမျိုးဝေ		✓	✓	〃	ဝေ
၂၀။	ထီသီဟဇင်ဆွေ		✓	✓	〃	သီဟဇင်ဆွေ
၂၁။	ဆဝိဒ်		✓	✓	〃	ဝိဒ်
၂၂။	ထီသန့်ဇင်		✓	✓	〃	ဇင်
၂၃။	ထီသန့်ဇင်		✓	✓	〃	
၂၄။	မတောဇင်ဦ		✓	✓	〃	ဆေပုလဲတဲ့
၂၅။	ရဝင်းဆေ		✓	✓	〃	ဝင်း
၂၆။	မနှင်းခိုင်ဦ		✓	✓	〃	နှင်းလွင်
	စုစုပေါင်း					

(၁) အိမ်ထောင်ဖြစ်ခြင်းရှိမရှိမှာ အမျိုးသား/အမျိုးသမီး အိမ်ထောင်စု တစ်ရပ်ကို ကိုယ်စားပြုသူမည်သူမဆို အသုံးပြုနိုင်ပါသည်



ဒုတိယအကြိမ် အစည်းအဝေး တက်ရောက်သူများစာရင်း



















CDD

ကလ္လာအလိုက် ဖွံ့ဖြိုးရေး ဦးစားပေး လုပ်ငန်းစဉ်များ

ကလ္လာ	စဉ်	လုပ်ငန်းအမျိုးအစား	အဆိုပြုသူ(အမှန်ခြစ်ရန်)			ခန့်စ်	ထောက်ပံ့မည့်အဖွဲ့အစည်း(သို့)ဌာန	မှတ်ချက်
			ကျား	မ	ကျား+မ			
ကျေးရွာလူမှုစီးပွားဖွံ့ဖြိုးရေးအဖွဲ့	၁	ပညာရေးဝန်ထမ်းအိမ်ရာ			✔	၂၀၂၀-၂၁	VDP	
	၂	ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း			✔			
	၃	မီးရရှိရေး			✔	၂၀၂၀-၂၁	လျှပ်စစ်ဌာန	
	၄	ရေရရှိရေး			✔			
	၆	ရေဆိပ်ခံတံတား			✔	၂၀၂၁-၂၂	နတလ	
ပုံနှိပ်စာအုပ်စာတမ်းဆိုင်ရာ ကလ္လာ(ကျေးရွာလူမှုစီးပွားဖွံ့ဖြိုးရေးအဖွဲ့)	၅	ကျေးရွာခန်းမဆောင်			✔			
	၁၀	ကျေးလက်ဆေးပေးခန်း						
ပြည်သူ့ကျန်းမာရေးနှင့်ပတ်သက်သော ကလ္လာ(ကျေးရွာလူမှုစီးပွားဖွံ့ဖြိုးရေးအဖွဲ့)	၇	မြစိမ်ရောင်စိမ်ကိန်း			✔			
	၈	အခြေခံအပ်ချုပ်စက်သင်တန်း		✔				
	၉	စက်ပြင်သင်တန်း	✔					
ထိုကဲ့သို့ကလ္လာများ ဖွင့်လှစ်ထားခြင်းမရှိသော်လည်း								

VDP အရည်အသွေးထိန်းချုပ်မှု

ထိန်းချုပ်သူ-　　ရက်စွဲ-　　ရွာ-　　VDP ရက်စွဲ

မြို့နယ်　　ကျေးရွာအုပ်စု

VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ (data)
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသားအမျိုးသမီး အဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက် ရလဒ်)
- အမျိုးသား၊ အမျိုးသမီးအဖွဲ့များ သဘောတူထားသည့် (၄) နှစ်အတွက် ဦးစားပေး လုပ်ငန်းများ စာရင်း (အခြေခံအဆောက်အဦး၊ အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု၊ .....)

နောက်ဆက်တွဲများ

- လူမှုရေးအကဲဖြတ်မှု၊ စာရွက်စာတမ်း၊ ဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ်၊ မြေပုံများပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှု အဆင့်၊ Venn ပုံ.....
- ကျေးရွာစီမံကိန်း ရေးဆွဲရေး အစည်းအဝေးမှတ်တမ်း မိတ္တူ
- ကျေးရွာ၏ အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် (VDP စစ်ဆေးပါ)

- VDP တွင် ပါဝင်သော ဦးရေ (အမျိုးသားအမျိုးသမီး)
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း
- PRA အသုံးပြုမှုအရည်အတွက်
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခုက်လွယ်သောအဖွဲများ၊)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများမှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲအစည်း၏ ရလဒ်အား ခွဲခြားပေးထားသလား၊
  - ရှိ
  - မရှိ
- စီမံကိန်း အရေအတွက် (အမျိုးသား၊ အမျိုးသမီးဦးဆောင်မှုအရေအတွက်)

PRA နှင့်သက်ဆိုင်သော အခြားစီမံကိန်းအရေအတွက် (အမျိုးသားအမျိုးသမီးဦးဆောင်မှုအရေအတွက်)

CamScanner